နှစ်ဖက်ထိတွေ့တိုက်ပွဲများနှင့် စစ်ကောင်စီတပ်၏ လက်နက်ကြီး ပစ်ခတ်နေမှုများကြောင့် မုန်းမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာပေါင်း ၃၀ ခန့်က ဒေသခံ ဦးရေ ၁၆ , ၀၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်း ရှောင်နေကြရဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိ ကျောက်ကြီးမြို့နယ်အတွင်း စစ်ကောင်စီဘက်က အင်အားတိုးချဲ့နေမှုများ ရှိနေကြောင်းလည်း ကျောက်ကြီးဒေသခံတစ်ဦးက ယနေ့ဇွန်လ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် မဇ္ဈိမကို ပြောသည်။

ပြည်သူလူထုများအပေါ် တိုက်ခိုက်နေသည့် စစ်ကောင်စီတပ်၏ လုပ်ရပ်များကို ရပ်တန့်ရန်နှင့် လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးကြရန် ဒေသအသီးသီးက ကရင်လူထုများကို ကျောက်ကြီးမြို့နယ် ကရင်လူငယ် အစည်းအရုံးက တိုက်တွန်းထားသည်။

https://www.mizzimaburmese.com/article/110294

-----------------------------------------------------------------------------------------------------

## ညောင်လေးပင်ခရိုင်တွင် နေ့တိုင်းနီးပါး တိုက်ပွဲ ဖြစ်နေ

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်။




ကရင်အမျိုးသား အစည်းအရုံး KNU တပ်မဟာ ၃ နယ်မြေ ညောင်လေးပင်ခရိုင်အတွင်းသို့ စစ်ကောင်စီတပ်က တပ်အင်အား ပိုမိုဖြည့်တင်းလာသည့်အတွက် ဇွန်လအတွင်းတွင် KNU နှင့် စစ်ကောင်စီတပ်တို့အကြား နေ့တိုင်း နီးပါး တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေသည်ဟု ဒေသခံများက ပြောသည်။

စစ်ကောင်စီတပ်က ညောင်လေးပင်ခရိုင်အတွင်းရှိ ကျောက်ကြီးမြို့နယ်နှင့် မုန်းမြို့နယ်အတွင်းသို့ တပ်အင်အား ပိုမိုဖြည့်တင်းလာသည့် အတွက် ယခုလအတွင်း တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလာရခြင်း ဖြစ်သည်ဟု ညောင်လေးပင်ခရိုင် ကရင်လူ မှုရေးရာအဖွဲ့ တာဝန်ရှိသူတစ်ဦး က ပြောသည်။

"အခုကျနော်တို့ ဒီဖက်ဒေသ ဒီညောင်လေးပင်ခရိုင် မုန်း၊ ကျောက်ကြီး ဒီဖက်ခြမ်းတွေမှာတော့ စစ်ရေးတင်း မာမှုတွေတော့ ပိုများလာတယ်။ ပြီးတော့ စစ်ကောင်စီရဲ့ စစ်အင်အား တိုးချဲ့မှု အပေါ်မှာတော့ နေ့စဉ်နဲ့အမျှ ပိုများလာတဲ့ အခါကျတော့ ဒီဇွန်လထဲမှာတော့ ပိုပြီးတော့ တိုက်ပွဲပြင်းထန်မှုတွေတော့ ဒီဖက်အခြမ်းမှာ ခဏခဏ ဖြစ်တယ်ပေါ့။ နေတိုင်း လိုလိုတော့ ဒီလက်နက်ကြီးသံတွေ နှစ်ဖက် ပစ်ခတ်မှုတွေ ထိတွေ့ ပစ်ခတ်မှုတွေ ဒါတွေ တော့ ရှိတာပဲ" ဟု ပြောသည်။

တိုက်ပွဲဖြစ်ပွားနေသည့် နေရာများနှင့် ပတ်သက်၍ အဆိုပါ ညောင်လေးပင်ခရိုင်အတွင်းက ဒေသခံများက ပြောသည်။

"ဒီဖက်ကျောက်ကြီးဖက် အခြမ်းမှာဆိုရင် ဟိုးအရင်ဖြစ်တဲ့နေရာတွေပဲ ဖြစ်နေကျ အဲဒီနေရာတွေက ပိုပြီးတော့ နေ့တိုင်းလိုလိုဖြစ်တယ်။ အင်းနက်တို့၊ ငါးဗျက်အင်းတို့ မြေနီကုန်းတို့ အဲနေရာ ဒေသတစ်ဝိုက်တော့ တော်တော် များများ ဖြစ်ကြတာပေါ့။ မုန်းဖက်ကျတော့ လောလောဆယ် အနေအထားတော့ ဒီဖက် မုန်းမြို့နယ် ရန်မျိုး အောင် ကျေးရွာထဲမှာ လက်နက်ကြီးတွေ ထုချပြီးတော့ အဲမှာ ကျေးရွာ ၂ ရွာ ၃ ရွာ ထွက်ပြေးတိမ်း ရှောင်နေရ တာ အဲဒီ တစ်ကြိမ်ပါပဲ ဒါပေမယ့် ကျောက်ကြီးဖက် အခြမ်းတော့ နေ့တိုင်းလိုလို တိုက်ပွဲကတော့ ဒီဇွန်လ အတွင်းမှာပေါ့နော်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ညောင်လေးပင် ခရိုင်အတွင်းသို့ စစ်ကောင်စီတပ်က စစ်အင်အား ဖြည့်တင်းလာသည့်အတွက် တိုက်ပွဲများ ပိုမို ပြင်းထန်စွာ ဖြစ်ပွားလာသည့်ဟု ဆိုသည်။ ထိုစစ်ရေးပဋိပက္ခအတွင်းရှိ ဒေသခံများမှာ စစ်ဘေးလွတ်ရာသို့ တိမ်း ရှောင်နေကြရပြီး စားဝတ်နေရေးအပြင် အခြားသော အခက်အခဲ အမျိုးမျိုးနှင့်ပါ ကြုံတွေ့နေရသည်ဟု ဒေသခံ များ က ပြောသည်။

KNU တပ်မဟာ ၃ ညောင်လေးပင်ခရိုင်အတွင်းသို့ စစ်ကောင်စီက တပ်အင်အားဖြည့်တင်းမှုများကြောင့် တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားနေသည့်နည်းတူ အခြားသော KNU လက်အောက်ခံ တပ်မဟာအသီးသီးတွင်လည်း စစ်ကောင်စီတပ်ဘက်က အင်အား ဖြည့်တင်းနေသည့်အတွက် တိုက်ပွဲများ နေ့တိုင်းဆိုသလို ဖြစ်ပွားနေသည် ။

လက်ရှိအနေအထားအရ စစ်ကောင်စီတပ်က တပ်အင်အားဖြည့်တင်းမှုများနှင့်အတူ စစ်ရေး အရှိန်ပါ မြှင့်လာ သည့်အတွက် KNU တပ်မဟာ ၃ ညောင်လေးပင်ခရိုင် အတွင်းတွင် တိုက်ပွဲများမှာ ယခုထက် ပိုမိုပြင်း ထန်စွာ ဆက်လက်ဖြစ်ပွားလာမည့် အလားအလာကို တွေ့ရသည်ဟု ညောင်လေးပင်ခရိုင် ကရင် လူမှုရေးရာအဖွဲ့ က ပြောသည်။

ညောင်လေးပင်ခရိုင် ကရင်လူမှုရေးရာအဖွဲ့ တာဝန်ရှိသူတစ်ဦး က "ကျနော်တို့ ဒီဘက်အခြမ်းမှာ အခုနောက် ပိုင်း ဒီ ၂၅၊ ၂၆၊ ၂၇ အဲ့လို နေ့တိုင်းလိုလို တိုက်ပွဲတွေ နည်းနည်းပြင်းထန်လာတဲ့ အနေအထား ရှိတဲ့ အခါကျတော့ စစ်အင်အားတွေ ထပ်ထပ်တိုးလာတဲ့ ဒီဖက်မုန်းဖက်ကနေ ကျောက်ကြီး ဖက်ကိုလာတဲ့ စစ်အင်အား တိုးချဲ့တာ တွေလည်း ရှိသလို ကွမ်းခြံကုန်းဖက်ကနေပြီးတော့ ဒီဖက်အခြမ်းကို ဒီဖက် နတ်သံကွင်းကနေ ကျောက်ကြီး ဘက်ကို တက်လာတဲ့ အခြမ်း စစ်အင်အားတိုးချဲ့မှုတွေလည်း ရှိလာတဲ့ အခါကျတော့ ပုံစံအရ သုံးသပ်ကြည့် လိုက်တဲ့ အခါ လုံးဝပဲ သူတို့လျှော့မှာ မဟုတ်ဘူးတဲ့ အနေအထားပေါ့နော်။ ဒီဖက်ဒေသကို သူတို့ လျှော့ပြီးတော့ စစ်ရေးက ပိုပြီးတော့ လျှော့သွားမယ့် အနေအထား မရှိပဲနဲ့ ပိုပြီးမှ တင်းမာလာဖို့ အနေအထားရှိတယ်" ဟု ပြော သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် တိုင်းရင်းသား ပြည်နယ်များတွင် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် စစ်ကောင်စီတို့အကြား စစ် ရေးတင်းမာမှုများနှင့်အတူ တိုက်ပွဲများလည်း ပြင်းထန်စွာဖြစ်ပွားလာခဲ့သည်။

တိုက်ပွဲများမှာ တိုင်းရင်းသား ပြည်နယ်များတွင်သာမက တိုင်းဒေသကြီးများတွင်ပါ အာဏာသိမ်းမှုကို ဆန့်ကျင် သည့် လှုပ်ရှားမှုမှ ပေါ်ပေါက်လာသည့် အမျိုးသားညီညွတ်ရေးအစိုးရ NUG က ဖွဲ့စည်းပေးထားသည့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ PDF နှင့် စစ်ကောင်စီတပ်တို့အကြား ဖြစ်ပွားလာသည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။

https://www.nmg-news.net/2022/06/29/19814

---

## ဒုက္ခသည် ၁၆၀၀၀ ကျော်အတွက် အကူအညီများ လိုအပ်နေ

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်။

ကရင်အမျိုးသား အစည်းအရုံး KNU တပ်မဟာ ၃ ညောင်လေးပင်ခရိုင်အတွင်းက စစ်ဘေးရှောင် ၁၆၀၀၀ ကျော်အတွက် နေထိုင်စားသောက်ရေးအပြင် အဖက်ဖက်မှ အကူအညီများ လိုအပ်နေသည်ဟု ညောင်လေးပင်ခရိုင် ဒေသခံများနှင့် ကရင်လူမှုရေးရာအဖွဲ့တာဝန်ရှိသူက ပြောသည်။




အဆိုပါ စစ်ဘေးရှောင်များမှာ ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်နှင့် မုန်းမြို့နယ်အတွင်းက ဒေသခံများ ဖြစ်ပြီး KNU နှင့် စစ်ကောင်စီတပ်တို့ အကြားက တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင် နေရသည့် ကျေးရွာ ပေါင်း ၃၀ မှ ဒေသခံများဖြစ်သည်ဟု ပြောသည်။

ညောင်လေးပင်ခရိုင် ကရင်လူမှုရေးရာအဖွဲ့ တာဝန်ရှိသူတစ်ဦး က "တစ်သောင်းနဲ့ ခြောက်ထောင်ကျော်ပြီ။ ဘာ တွေ လိုအပ်သလဲဆိုတော့ အခုနက စားနပ်ရိက္ခာရယ်။ ဆေးဝါးရယ် ကျနော် သိရသလောက်ဆို ပိုပြီးတော့ အဓိ ကကျတာ အဲဒီ စားနပ်ရိက္ခာတို့ ဆေးဝါးတို့ အမိုးအကာ နေထိုင်ရေး အတွက် အမိုးအကာ။ ဘာဖြစ်လဲ ဆိုတော့ စစ်ရှောင်တဲ့ အနေအထားက ပိုပြီးတော့ တိုးလာဖို့ပဲရှိတယ်။ ဒီအနေအထား ဒီပုံစံအရ သွားမယ်ဆိုရင် ပိုပြီး တော့ နေ့စဉ်နဲ့ အမျှ တိုးတိုးလာတာပေါ့" ဟု ပြောသည်။

စစ်ဘေးရှောင်များအတွက် နေထိုင်စားသောက်ရေးအပြင် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများလည်း များစွာ လိုအပ်နေသည်ဟု ဆိုသည်။

စစ်ဘေးရှောင်များ၏ နေထိုင်စားသောက်မှု အခြေအနေနှင့် ပတ်သက်၍ "စားရေးသောက်ရေးကျတော့ တချို့ ကျတော့ နည်းနည်း တိုက်ပွဲဖြစ်တဲ့ နေရာနဲ့ အလှမ်းဝေးတဲ့ ကျေးရွာတွေ ဆိုတော့ သူတို့က ပြန်ပြီးတော့ ကိုယ့် ဆန်တို့ ဘာတို့ ခိုးခိုးပြီးတော့ ပြန်ပြီးတော့ သယ်ရတဲ့ အနေအထားမှာတော့ ရှိတယ်။ ဒါပေမယ့် တိုက်ပွဲဖြစ်တဲ့ နေရာတွေနဲ့ တအားနီးကပ်တဲ့ ကျေးရွာတွေက လုံးလုံးကို မပြန်ရဘူး။ ဒီဟာတွေက သူတို့ ဘာမှ သယ်ယူတဲ့ အချိန်မရှိဘူးလေ။ တချို့ တိုက်ပွဲနဲ့ နီးကပ်တဲ့ ကျေးရွာတွေမှာ တခြားသော အလှူရှင်တွေ ကူတဲ့ အဖွဲ့အစည်း ဖြစ်စေ လူတစ်ဦးတစ်ယောက်ရဲ့ အလှူနဲ့ဖြစ်စေ သွားပြီးတော့ ပံ့ပိုးပြီးတော့ တတ်နိုင်သလောက်ပဲ အဲလိုပဲ သွား နေရတဲ့ အနေအထားမှာရှိတယ်" ဟု ညောင်လေး ပင်ခရိုင် ကရင်လူမှုရေးရာအဖွဲ့ တာဝန်ရှိသူ က ပြောသည်။

စစ်ဘေးရှောင်များထဲတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မွေးကင်းစကလေးငယ်များနှင့် ကိုယ်ဝန် ဆောင်မိခင်များလည်း ပါဝင်သည်ဟု သိရသည်။

လက်ရှိတွင် စစ်ဘေးရှောင်များမှာ စစ်ဘေးလွတ်ရာ တောတောင်များထဲတွင် နေရာထိုင်နေကြရပြီး မိုးတွင်းကာ လ ဖြစ်သည့်အတွက် နေရာထိုင်ခင်း မလုံမခြုံမှုများနှင့် နာမကျန်းဖြစ်မှုများကိုလည်း ကြုံတွေ့နေကြရသည်ဟု ညောင်လေးပင်ခရိုင်အတွင်းက စစ်ရှောင်များကို ကူညီပေးနေသူက ပြောသည်။

"ဒီအချိန်မှာလည်း ကလေးတွေလည်း တအားဖျားကြတယ်။ သက်ကြီး ရွယ်အိုတွေပါတယ်။ ကလေးမိခင်တွေ မွေးကင်းစ အဲ့လို ပြီးတော့ ကိုယ်ဝန်သယ်တွေ မသန်စွမ်းတွေ ဆိုတော့ အဲမှာ သူတို့ နေထိုင်တဲ့ အခုလက်ရှိ မိုး တွင်း ကာလလည်း ခြင်တွေ အရမ်းကိုက်တယ်။ ပြီးတော့ နေတာထိုင်တာကလည်း တဲလေးထိုးပြီးတော့ အမိုး အကာ တာလပတ်လေးနဲ့ မိုးကြီးလေကြီး လာတဲ့အခါမှာလည်း တော်တော် လေးတော့ အခက်အခဲရှိ တယ်။ "

စစ်တပ်က အာဏာသိမ်းပြီးနောက် KNU လက်အောက်ခံ တပ်မဟာတိုင်းနီးပါးတွင် စစ်ကောင်စီတပ်နှင့် ကရင် အမျိုးသား အစည်းအရုံး KNU တို့အကြား တိုက်ပွဲများ ဖြစ်ပွားလာခဲ့သည်။

ထို တိုက်ပွဲများကြောင့် ဒေသံများမှာ စစ်ဘေးလွတ်ရာ တော၊ တောင်များထဲတွင် စစ်ဘေးရှောင်နေကြရပြီး လက်ရှိတွင် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများသာမက အဖက်ဖက်မှ အကူအညီများ လို အပ်နေသည်ဟု စစ်ဘေးရှောင်များကို အကူအညီပေးနေသူများ က ပြောသည်။

https://www.nmg-news.net/2022/06/29/19824

----------------------------------------------------------------------------------------------------

## သထုံမြို့နယ်၌ စစ်ကောင်စီတပ်က ရွာမီးရှို့၊ ကလေးအပါအဝင် ရွာသားများကို ဖမ်းဆီးသတ်ဖြတ်

Published By DVB | 29 June, 2022



မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ထုံးဘိုလေးကျေးရွာကို စစ်ကောင်စီတပ်က ဝင်ရောက်ပြီး နေအိမ်တွေကို မီးရှို့ဖျက်ဆီးသွားတယ်လို့ ကေအန်ယူ သထုံခရိုင်က သတင်းထုတ်ပြန်ထားပါတယ်။

ဇွန် ၂၅ ရက် ညနေက ထုံးဘိုလေးကျေးရွာအနီး နယ်မြေကျူးကျော်လာတဲ့ စစ်ကောင်စီတပ်နဲ့ နယ်မြေခံ ကေအန်ယူတပ်တို့အကြား တိုက်ပွဲ မိနစ် ၄၀ လောက် ပြင်းထန်ခဲ့ပြီးနောက် ထုံးဘိုလေးကျေးရွာကို စစ်ကောင်စီတပ်က မီးရှို့ခဲ့တာလို့ ထုတ်ပြန်ထားပါတယ်။

စစ်ကောင်စီတပ်က လူနေအိမ်အပါအဝင် အထက်တန်းကျောင်းနဲ့ ကျေးရွာ ဘုန်းကြီးကျောင်းကိုပါ မီးရှို့ခဲ့သလို ဇွန် ၂၆ ရက် မနက်ပိုင်းမှာလည်း ကျေးရွာတွင်း ကျန်ရှိနေတဲ့ လူနေအိမ်ကို မီးရှို့ခဲ့တယ်လို့ ဆိုပါတယ်။

ထုံးဘိုလေးကျေးရွာဟာ အိမ်ခြေ ၁၅၉ ကျော်ရှိပြီး ဇွန် ၁ ရက်ကတည်းက စစ်ကောင်စီတပ်တွေဟာ ထုံးဘိုလေးကျေးရွာအတွင်းကို လက်နက်ကြီးတွေနဲ့ ဆက်တိုက်ပစ်ခတ်မှုကြောင့် ရွာသားတွေဟာ ရွာတွင်းမနေရဲတော့ဘဲ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရတယ်လို့ ဆိုပါတယ်။

ဇွန် ၂၆ ရက်ကလည်း စစ်ကောင်စီတပ်ဟာ ထုံးဘိုလေးကျေးရွာအနီးက ထွက်ပြေး တိမ်းရှောင်နေတဲ့ ပြည်သူ ၁၀ ယောက်ကျော်ကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း ကေအန်ယူသတင်းရင်းမြစ်ဆီက သိရပါတယ်။

သေဆုံးသွားသူတွေထဲမှာ အတည်ပြုထားတဲ့ သတင်းအရ အသက် ၁၂ နှစ်အရွယ် နော်မိစေး၊ စောသန်းဝင်း ၄၉ နှစ်၊ စာလူပျို ၅၈ နှစ်၊ စောဆာမူး ၃၉ နှစ်၊ ဦးကျော်ထင် ၅၅ နှစ်နဲ့ နော်မသွယ် ၄၆ နှစ်ဖြစ်ပြီး ကျန်သူတွေကို အတည်ပြုချက် မရသေးပါဘူး။

ဒါ့အပြင် ဇွန်လ ၂၅၊ ၂၆ ရက်တွေမှာလည်း စစ်ကောင်စီ ခမရ အမှတ် ၉ စခန်းကနေ လက်နက်ကြီးတွေနဲ့ ရမ်းသန်းပစ်ခတ်မှုကြောင့် အနီးတဝိုက်ကျေးရွာတွေဖြစ်တဲ့ ဖာပိန်၊ ကျောက်တောင်၊ ကျောက်တောင်ရွာလေး၊ အင်းရွာ၊ စောအဲဖိုး၊ နောက်ကတုတ်အထက်ကျေးရွာ တွေက ဒေသခံတွေ နေအိမ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်နေကြရပါတယ်။

ဇွန် ၁ ရက်ကစပြီး အာဏာသိမ်း စစ်ကောင်စီလက်အောက်ခံတပ်တွေဟာ ကေအန်ယူ သထုံမြို့နယ်အတွင်း တပ်စွဲထားတဲ့ စကခ ၈ ပိန္နဲတောစခန်း၊ ကေအန်ယူ ဘီးလင်းမြို့နယ်အတွင်း ကျူးကျော်တပ်စွဲထားတဲ့ လေးကေစစ်ကောင်စီစခန်းနဲ့ ဝင်းတာပန်စခန်းတွေကို ရိက္ခာပို့ဆောင်ဖို့၊ တပ်ပြောင်းဖို့နဲ့ အင်အားတိုးချဲ့ဖို့ နယ်မြေကျူးကျော် စစ်ကြောင်းထိုးလာတာတွေ လုပ်ဆောင်နေမှုကြောင့် နယ်မြေခံ ကေအန်ယူ လက်အောက်ခံတပ်တွေနဲ့ မကြာခဏ ပစ်ခတ်မှုဖြစ်ပြီး တိုက်ပွဲ ပြင်းထန်လာနိုင်ကြောင်းလည်း ကေအန်ယူသတင်းမှာ ဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/540908

---------------------------------------------------------------------------------------------------------

## တရက်တည်း စစ်ကောင်စီအကြမ်းဖက်တပ်ဖွဲ့ဝင် အယောက် ၆၀ ကျော်သေဆုံးဟုNUG ထုတ်ပြန်

Published By DVB | 29 June, 2022

ဇွန် ၂၈ ရက် မနေ့ကတရက်တည်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ စစ်ကောင်စီ အကြမ်းဖက်တပ်ဖွဲ့ဝင် အယောက် ၆၀ ကျော် သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။



ခုထုတ်ပြန်ထားတဲ့ အချက်အလက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၁၉ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

NUG ကာကွယ်ရေးဝန်ကြီးဌာနကတော့ မြန်မာနိုင်ငံတဝန်း ပြည်သူ့ခုခံတော်လှန်စစ် အရှိန်မြင့်နေပြီး ပြီးခဲ့တဲ့ မေ ၇ ရက်ကနေ ဇွန် ၆ ရက်အထိ ၁ လတာကာလအတွင်း စစ်ကောင်စီဘက်က အယောက် ၂,၀၀၀ ကျော် သေဆုံးခဲ့တယ်လို့ ထုတ်ပြန်ထားပါတယ်။

လတ်တလောမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြတာဖြစ်ပြီး နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မနေ့က တရက်တည်းမှာ ကချင်ပြည်နယ်၊ မကွေးတိုင်းနဲ့ မန္တလေးတိုင်းတို့မှာ ၁ ကြိမ်စီ၊ စစ်ကိုင်းတိုင်းမှာ ၄ ကြိမ်နဲ့ အများဆုံး ဖြစ်ပွားခဲ့တယ်လို့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြပါတယ်။

ဒါ့အပြင် ပြည်သူ့ခုခံတွန်းလှန်စစ် ၁ နှစ်တာ ကာလအတွင်း စစ်ကောင်စီတပ်သား ၁၅,၀၀၀ နီးပါး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ အယောက် ၄,၈၀၀ ကျော်ထိ ရှိခဲ့တယ်လို့ NUG အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

ဒါဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်ကနေ အခုနှစ် မေ ၁၇ ရက်အထိ စုဆောင်းရရှိထားတဲ့ အချက်အလက်တွေအရ ဖော်ပြထားခဲ့တာဖြစ်ပြီး မြန်မာပြည်အနှံ့ တိုက်ပွဲတွေမှာ တပ်ဖွဲ့ဝင်တွေ သေဆုံးဒဏ်ရာရမှု အခြေအနေနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာ မရှိပါဘူး။

ဒါ့အပြင် စစ်ကောင်စီရဲ့ အဆိုးဆုံး အကြမ်းဖက်တာခံခဲ့ရတဲ့ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းထဲက မြန်မာပြည်အထက်ပိုင်းလမ်းပိုင်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကို PDF တွေက ထိန်းချုပ်ထားနိုင်ပြီလို့ NUG အစိုးရက ဇွန် ၂၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောထားပြီး လက်ရှိ မြေပြင်မှာ အကြမ်းဖက်ခံနေရတဲ့ ကျေးရွာတွေဟာ စစ်ကောင်စီနဲ့ PDF တွေ နှစ်ဖက်စလုံး မထိန်းချုပ်နိုင်သေးတဲ့ ကြားနယ်မြေတွေ ဖြစ်တယ်လို့ ဆိုပါတယ်။

https://burmese.dvb.no/archives/540902

------------------------------------------------------------------------------------------------------------

## တရားစီရင်ရေးတွင် ရခိုင်ဒေသနေ မွတ်ဆလင်အချို့ကို အေအေတာဝန်ပေး

Published By DVB | 29 June, 2022



ရခိုင်ပြည်နယ်မှာ ရက္ခိုင့်တပ်တော် (အေအေ) က တရားစီရင်ရေးအပိုင်းမှာ ရခိုင်ဒေသနေ မွတ်ဆလင်တွေကိုပါ တာဝန်ခန့်အပ်ပေးထားတယ်လို့ ရက္ခိုင်တပ်တော်ရဲ့ ထုတ်ပြန်ချက် ဗွီဒီယိုဖိုင်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်က ဖြစ်ပွားခဲ့တဲ့ ဘူးသီးတောင်မြို့နယ်၊ ဖိုးခေါင်ချောင်းအုပ်စု၊ ကန္ဒ(ကင်းဒါး) မွတ်ဆလင်ကျေးရွာမှာ စပါးကောက်လှိုင်း ၇၀၀ မီးရှို့ခံခဲ့ရတဲ့ဖြစ်စဉ်နဲ့ ပတ်သက်ပြီး စစ်ဆေးမေးမြန်းနေတဲ့ ဗွီဒီယိုရုပ်သံကို အေအေက ထုတ်ပြန်လိုက်တာပါ။

အခုလို ရက္ခိုင်တပ်တော်က တရားစီရင်ရေးအပိုင်းမှာ ရခိုင်ဒေသက မွတ်ဆလင်တွေကိုပါ တာဝန်ခန့်အပ်ပေးထားတဲ့အပေါ် ဘူးသီးတောင်မြို့မှ မွတ်ဆလင်လူကြီးတဦးက "ပြဿနာတွေဖြစ်ခဲ့တဲ့ လူမျိုး နှစ်မျိုးကြားမှာ ပြန်လည်ပြီးတော့ အခုလို သင့်မြတ်လာသလို လူမျိုး နှစ်မျိုးလုံး ပေါင်းစပ်ပြီးတော့ အခုလိုအလုပ်တွေ လုပ်လာတာကိုတွေ့ရတော့ အလွန်မှ ဝမ်းသာပါတယ် " လို့ ပြောပါတယ်။

၂၀၁၇ ခုနှစ် မတိုင်မီက ရခိုင်နဲ့ မွတ်ဆလင်တွေ အတူနေထိုင်လာကြတာဖြစ်ပြီး ၂၀၁၇ ခုနှစ် ပြဿနာတွေကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး စတာတွေ ပျက်စီးသွားခဲ့ရတယ်လို့ မောင်တောဒေသခံ မွတ်ဆလင်တဦးက ဆိုပါတယ်။

မောင်တောဒေသ လုပ်ငန်းရှင်တဦးက "အဲဒီလို ပြဿနာတွေမဖြစ်ဘဲ လူမျိုး နှစ်ခုလုံး အတူယှဉ်တွဲနေထိုင်ရင် ရခိုင်ပြည်နယ် မောင်တောခရိုင်က ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ် " လို့ ပြောပါတယ်။

မောင်တောဒေသမှာ ရခိုင်နဲ့ မွတ်ဆလင်တွေ နှစ်ပေါင်းများစွာ အတူနေထိုင်လာကြပေမဲ့ ကြားက ပြဿနာတွေကြောင့် ပဋိပက္ခတွေ ဖြစ်ခဲ့ကြရပြီး အခုလို နှစ်ဖက် ပြေလည်မှုအတွက် အလွန်ဂုဏ်ယူမိကြောင်း ဒေသခံ မွတ်ဆလင်တွေက ပြောကြပါတယ်။

https://burmese.dvb.no/archives/540890

----------------------------------------------------------------------------------------------------

## ရှမ်းနီ စာပေနဲ့ ယဉ်ကျေးမှုကော်မတီ နာယက သတ်ဖြတ်ခံရမှုအတွက်KIA ကိုစွပ်စွဲ

၂၉ ဇွန်၊ ၂၀၂၂ | ဇော်မိုးကျော်

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာမှ ရှမ်းနီ စာပေနဲ့ ယဉ်ကျေးမှုကော်မတီ နာယက သတ်ဖြတ်ခံရမှုဟာ KIA လက်ချက်အဖြစ် ရှမ်းနီ အမျိုးသားတပ်မတော် SNA က စွပ်စွဲလိုက်ပါတယ်။ KIA ကတော့ အရပ်သားကို သတ်ဖြတ်ဖို့ မူဝါဒမရှိကြောင်း ငြင်းဆိုထားသလို ဒီသတ်ဖြတ်ကို စုံစမ်းဖြေရှင်းသွားမှာ ဖြစ်ကြောင်း တုံ့ပြန်ထားပါတယ်။ ရန်ကုန်ကပေးပို့တဲ့ သတင်းကို ကိုဇော်မိုးကျော် ပြောပြပေးမှာပါ။

ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာမှာ ဇွန်လ ၂၅ရက်နေ့ ညနေပိုင်းက အမည်မသိ လက်နက်ကိုင် ၂ဦးက ရှမ်းနီ စာပေနဲ့ ယဉ်ကျေးမှုကော်မတီ နာယက ဦးသန်းဖေ (၆၁နှစ်)ကို သေနတ်နဲ့ ပစ်ခတ် သတ်ဖြတ်ခဲ့ပါတယ်။ ဒီသတ်ဖြတ်မှုဟာ ကချင်လွတ်မြောက်ရေးတပ်မတော် KIA လက်ချက်ဖြစ်တယ်လို့ ရှမ်းနီ အမျိုးသား တပ်မတော် SNAရဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး စိုင်းအောင်မိန်းက VOA ကို အခုလို ပြောပါတယ်။

" ကျနော်တို့ စုံစမ်းထားချက်အရ သုံးသပ်ကြည့်တာကတော့ KIA ကနေပဲ လုပ်တယ်လို့ ကျနော်တို့အနေနဲ့ သုံးသပ်လို့ ရပါတယ်။ ဘာကြောင့်လဲဆိုရင် ပြဿနာဖြစ်ထားတဲ့အချက်လေးတွေ ရှိနေတဲ့အခါကျတော့ KIA လက်ချက်အဖြစ်ပဲ ကျနော်တို့ယူလို့ ရပါတယ်ခင်ဗျ။ "

SNA ရဲ့ ထုတ်ပြန်ချက်ထဲမှာတော့ ဦးသန်းဖေဟာ ဖားကန့်မြို့နယ်ရှိ ရှမ်းနီတွေ နေထိုင်ရာကျေးရွာအဝင်မှာ ကချင်မနောတိုင် စိုက်ထူမှုနဲ့ စာသင်ကျောင်း ကိစ္စတွေနဲ့ ပတ်သက်လို့ ကချင် ဘာသာရေး ခေါင်းဆောင်တဦးနဲ့ စကားအချေအတင်ဖြစ်ခဲ့ပြီး အဲဒီ ညနေမှာပဲ သတ်ဖြတ်ခံရကြောင်း ဖော်ပြပါတယ်။ ဦးသန်းဖေဟာ အသက် ၆၀ ရှိပြီး နှစ်ပေါင်းများစွာ ရှမ်းနီ အရေး ဆောင်ရွက်နေသူဖြစ်တဲ့အပြင် ပြီးခဲ့တဲ့ ဆယ်စုနှစ်ကျော်ကတည်းက ရပ်ကျေးအုပ်ချုပ်ရေးမှူး တာဝန်ယူခဲ့ဖူးကြောင်းလည်း သိရပါတယ်။

KIA ရဲ့ ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူကတော့ KIA မှာ အရပ်သားတွေ သတ်ဖြတ်တဲ့ မူဝါဒ မရှိကြောင်း ဗဟိုက ညွှန်ကြားတာမျိုးလည်းမရှိကြောင်း ပြောပါတယ်။

" အဲဒီ ထုတ်ပြန်ကြေညာချက်နဲ့ ပတ်သက်လို့တော့ ကျနော်တို့ KIO ကတော့ လုပ်ကြံဖို့၊ လူကို သတ်ဖို့ဆိုတဲ့ မူဝါဒတွေ မရှိဘူး။ အခုဖြစ်စဉ်နဲ့ ပတ်သက်လို့လည်း ကျနော်တို့ညွှန်ကြားတာ မရှိဘူး။ ဒုတိယအချက်ကတော့ ကျနော်တို့လည်း စစ်ဆေးနေတယ်။ မည်သူ မည်ဝါကနေ လုပ်တာလဲ။ နောက် ကျနော်တို့ ရှေ့တန်းက

လူတွေများ လုပ်သလားပေ့ါ။ ကျနော်တို့ မဟုတ်လို့ရှိရင် ကျနော်တို့ သူတို့နဲ့ ပြန်ဆွေးနွေးရမှာဖြစ်ပါတယ်။ ဟုတ်လို့ရှိရင်ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ ကျနော်တို့လည်း ပြန်ပြီး ဖြေရှင်းရမှာဖြစ်ပါတယ်။ ”

SNAက ဗိုလ်မှူးကြီး စိုင်းအောင်မိန်းက ဒီအဖြစ်အပျက်ဟာ လူမျိုးရေးပြဿနာကို ဦးတည်နေတာကြောင့် ပြင်းပြင်းထန်ထန် တားမြစ်ထားဖို့ လိုကြောင်း ဆက်ပြောပါတယ်။

“ ဒီလို မဖြစ်အောင် အရင်တုံးက ကျနော်တို့ ပြောဆိုခဲ့ဖူးတာရှိပါတယ်။ ဒီလိုလုပ်ရင် လူမျိုးရေး ပြဿနာတွေ ဖြစ်ပွားလာနိုင်တယ်လို့ ပြောခဲ့ဖူးပါတယ်။ ဒါကို သူတို့အနေနဲ့ ဆက်ပြီးတော့မှ ကျူးလွန်လာတဲ့အခါကျတော့ လူမျိုးရေး ပြဿနာကို တမင်ဖန်တီးပြီး လုပ်တယ်လို့ ကျနော်တို့အနေနဲ့ ယူဆလို့ ရပါတယ်။ လူမျိုးရေး ပဋိပက္ခတွေ မဖြစ်အောင် သူတို့ဘက်ကနေ ပြင်းပြင်းထန်ထန်ကို တားမြစ်ထားမှ ရလိမ့်မယ်ဗျ။ ဒီလိုကိစ္စတွေက ကျနော်တို့ကနေ စတင်ပြီး ကျူးလွန်တာမဟုတ်ပါဘူး။ ”

ဗိုလ်မှူးကြီး နော်ဘူကတော့ ရှမ်းနဲ့ကချင်ဟာ ကချင်ပြည်နယ်က ဌာနေတိုင်းရင်းသားတွေ ဖြစ်တာကြောင့် လူမျိုးရေး ပဋိပက္ခဖြစ်စေတာမျိုးကို မလှုံ့ဆော်ကြဖို့ လိုအပ်ကြောင်းလည်း ပြောပါတယ်။

“ လူမျိုးရေး ပြဿနာတွေ ဖြစ်အောင်တော့ မလှုံ့ဆော်တာ အကောင်းဆုံးဖြစ်ပါတယ်။ ရှမ်းနဲ့ ကချင်ဆိုတဲ့ လူမျိုးရေးဖြစ်စေတဲ့ အသုံးအနှုန်းတွေကတော့ မလုပ်ကောင်းပါဘူး။ ကျနော်တို့ ရှမ်းတိုင်းရင်းသားတွေ၊ ကချင်တိုင်းရင်းသားတွေ အားလုံး အတူတူပါပဲ။ ကျနော်တို့ ကချင်ပြည်နယ်က ဌာနေသားတွေပဲ ဖြစ်ပါတယ်။ ဆိုတော့ လူမျိုးရေး ပြဿနာဖြစ်အောင်ပေ့ါနော် လှုံ့ဆော်တာတွေကတော့ မဖြစ်သင့်ဘူးလို့ ကျနော် ထင်ပါတယ်။”

ဖားကန့်ဒေသခံတစ်ဦးကတော့ လောလောဆယ် လူမျိုးရေးပြဿနာ ဖြစ်ပွားစေနိုင်မယ့် အရိပ်လက္ခဏာ မရှိကြောင်းနဲ့ အမှန်တကယ် KIA က သတ်ဖြတ်ခဲ့ရင်လည်း နှစ်ဘက်ညှိနှိုင်း ဖြေရှင်းစေလိုကြောင်း ပြောပါတယ်။

“ လောလောဆည်ကတော့ ရှမ်းနီနဲ့ လက်ရှိ ကချင် လူမျိုးစုထဲမှာတော့ လူမျိုးရေးအနေအထား တစ်စုံတစ်ရာတော့ အဲဒီ အရိပ်အငွေ့တွေတော့ မတွေ့ဘူးပေ့ါ။ ဒီလိုဖြစ်တဲ့အပေါ်မှာ တစ်ဦးတစ်ဖွဲ့ကလည်း ပြန်ပြီး လက်နက်နဲ့ သတ်ဖြတ်ပြီး ဖြေရှင်းတယ်ဆိုတာထက် အပြုသဘော တစ်ယောက်နဲ့ တစ်ယောက် နားလည်အောင် ခွင့်လွှတ်နိုင်အောင်ဖြေရှင်းတာတော့ ပိုပြီး ကောင်းတယ်လို့ ထင်ပါတယ်။ ”

၂၀၂၀ခုနှစ် ဇူလိုင်လအတွင်းကလည်း ဖားကန့်မြို့နယ် ဆယ်ဇင်ကျေးရွာမှာ ရှမ်းနီလူငယ်နှစ်ဦး ဖမ်းဆီးသတ်ဖြတ်ခံခဲ့တာနဲ့ပတ်သက်ပြီး KIA နဲ့ ရှမ်းနီ နိုင်ငံရေး၊ လူမှုရေးအသင်းအဖွဲ့တွေအကြား တင်းမာမှုရှိခဲ့သလို ညှိနှိုင်း ဖြေရှင်းခဲ့တာတွေလည်း ရှိခဲ့ပါတယ်။

https://burmese.voanews.com/a/shan-ethnic-affairs-accused-kachin-armed-group-assination-of-its-member/6637029.html

-----------------------------------------------------------------------------------------------------------

## နိုင်ငံရေး ရှုပ်ထွေးနေချိန် ပုံးအင်းဒေသတစ်ခုလုံးကိုPNO လက်အောက်ထဲ သိမ်းယူရန် ကြိုးပမ်းနေ

By SHAN - June 29, 2022

သျှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင် ပုံးအင်းဒေသကို ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) က နိုင်ငံရေး ရှုပ်ထွေးနေချိန် အခွင့်ကောင်းယူပြီး သိမ်းယူရန် ကြိုးပမ်းနေကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ ပုံးအင်းဒေသသည် တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ် နှင့် ဆီဆိုင်မြို့နယ် (၃) မြို့နယ် ပါဝင်ဖွဲ့စည်းထားသည်။

ထိုပုံးအင်းဒေသအတွင်းရှိ ကျေးရွာများကိုလည်း မြစ်ချောင်းအဖြစ် ခြားထားပြီး မြို့နယ်အလိုက် ကွဲသွားကြောင်း သိရသည်။



ပုံးအင်းဒေသ

“ကျနော်တို့ ပုံးအင်းဒေသက ကျယ်တယ်။ ၃ မြို့နယ်ရှိတယ်။ ကျနော်တို့နေတာတော့ ဆီဆိုင်မြို့နယ်ထဲပါတယ်။ မြို့နယ်တွေကိုလည်း ချောင်းပဲခြားတယ်။ ချောင်းရဲ့ အနောက်ဘက်ကဆိုရင် တောင်ကြီးမြို့နယ်ထဲပါတယ်။ ချောင်းရဲ့ အရှေ့ဘက်ကတော့ ဆီဆိုင်မြို့နယ်ထဲပါတယ်” ဟု ပုံးအင်းဒေသတွင်းနေထိုင်သည့် အသက် ၂၀ အရွယ် လူငယ်အမျိုးသားတစ်ဦးက ပြောသည်။

စစ်ကောင်စီက ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ် တို့ကို ပအိုဝ်းကိုယ်ပိုင်ခွင့် ပေးထားကြောင်း သိရသည်။

လက်ရှိမှာ ပုံးအင်းဒေသအားလုံးကိုလည်း နိုင်ငံရေး ရှုပ်ထွေးနေချိန် (PNO) တပ်ဖွဲ့မှ ၎င်းလက်အောက်ထဲသို့ သိမ်းရန် ကြိုးစားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖြစ် ထားရန် ကြိုးစားနေကြောင်း ဒေသခံများ ပြောပြချက်အရ သိရသည်။



ပုံးအင်းဒေသ

“ဟုတ်တယ်။ သူတို့က ရှေ့ကြိုတွေးပြီးတော့လုပ်နေတယ်။ ဒီနေရာတွေကို သူတို့နယ်မြေထဲ ပါလာအောင်လည်း လုပ်နေတာ။ သူတို့ ပြည်နယ်အသစ်လိုမျိုးလိုချင်တာ” ဟု အသက် ၄၀ ကျော် ဝန်းကျင်ရှိ အမျိုးသားက ပြောသည်။

ပုံးအင်းဒေသတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးကိုလည်း PNO မှ ပြန်ခန့်အပ်ပြီး၊ ရွာလုံခြုံရေးအဖွဲ့ကို တစ်ရွာလျှင် ၁၇ ဦး ခန့်ထားသည်။

“အခုက ရွာတစ်ရွာမှာ ရွာလုံခြုံရေးအဖွဲ့က ၁၇ ထိ ဖွဲ့ပေးလိုက်တယ်။ အဲ့ရွာလုံခြုံရေးအဖွဲ့ရဲ့ ဥက္ကဌ က ကျေးရွာအုပ်ချုပ်ရေးမှူးတွေဖြစ်တယ် ” ဟု အထက်ပါ ဒေသခံက ပြောသည်။

အဆိုပါ ရွာလုံခြုံရေးအဖွဲ့ဝင်များကိုလည်း ကျေးရွာအတွင်းရှိ ပြည်သူများက မည်သည့်အတွက်ကြောင့် ၎င်းတို့ကို ဖွဲ့စည်းကြောင်း အကျိုးအကြောင်းကို မသိရှိရသေးပေ။

ထိုရွာလုံခြုံရေးအဖွဲ့များကိုလည်း PNO တပ်ဖွဲ့မှ စိတ်ကြိုက်ရွေးချယ်ခန့်အပ်ခဲ့ပြီး၊ ကျေးရွာအတွင်းရှိ ပြည်သူများ ကိုလည်း စည်းရုံးနိုင်ရန် အတွက် ခန့်ထားကြောင်း သိရသည်။



အထူးဒေသ (၆) ခွန်ပါဖြားဗွာခမ်း ကန်တောင်ကြီးမြို့နယ်

အိုင်းသုံ့င်လယ် -ရွာများလုံခြုံရေးအဖွဲ့ ရွာအမည် -

| စဉ် | အမည် | တာဝန် | ဖုန်းနံပါတ် |
| --- | --- | --- | --- |

PNO မှ ပြုလုပ်မယ့် ကန်တောင်ကြီးမြို့နယ်

“ သူတို့ ခန့်ထားပေးတဲ့ ရွာလုံခြုံရေးအဖွဲ့တွေကလည်း PNO လက်အောက်ကပဲဖြစ်တယ်။ PNO ကလည်းသူတို့ စိတ်ကြိုက်လူ ကိုဖွဲ့ထားတာ။ သူတို့ လိုရာကို အသုံးပြုနိုင်မဲ့သူကို ဖွဲ့ပေးလိုက်တာဖြစ်မယ်ထင်တယ် ” ဟု ၎င်း ဒေသခံက ထပ်လောင်းပြောသည်။

ထိုအပြင် လုံခြုံရေးအဖွဲ့ဝင်များသည်လည်း အသက်ကြီးရွယ်အိုသူများဖြစ်ကြောင်း သိရသည်။

“နမ့်ကွတ်ရွာမှာ ဖွဲ့ထားတဲ့ ရွာလုံခြုံရေးအဖွဲ့တွေဆို အသက်ကြီးတဲ့ သူတွေပဲဖြစ်တယ်။ တစ်ချို့ဆိုရင် အသက် ၅၀၊ ၆၀ သမားတွေဖြစ်တယ်။ အသက်ကြီးတဲ့ သူတွေကိုပဲ အများဆုံးခန့်ထားတာ ” ဟု အသက် ၄၀ အရွယ်ရှိ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့် ကိုပြောသည်။



ပုံးအင်းဒေသ

လက်ရှိမှာလည်း ပုံးအင်းဒေသကို အထူးဒေသ (၆) ကန်တောင်ကြီးမြို့နယ် ဟု သတ်မှတ်ရန်ကြိုးစားနေပြီး၊ ရွာလုံခြုံရေးအဖွဲ့များကို ဖွဲ့စည်းပေးလိုက်ကြောင်း သိရသည်။

ထိုအပြင် လက်ရှိ PNO ၏ စစ်သင်တန်းတက်ရန် ပြည်သူများကို ကောက်ခံနေသောကြောင့် ဒေသတွင်း လူငယ်အများစုကလည်း အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးသွားပြီး ကျေးရွာအတွင်းတွင် အသက်ကြီးသူများသာ ကျန်ရှိခဲ့သည်။

" အခုသူတို့လိုရာသွင်းဖို့ ဖန်တီးနေပြီလေ။ အထူးဒေသ (၆) ထဲပါလာအောင်ပြီးတော့ အခုက ကန်တောင်ကြီးမြို့နယ် ဆိုပြီးတော့ အသစ်ထပ်လုပ်လာတယ်။ ဒါက တကယ်ဆို ဒီမြို့နယ်က မရှိဘူးလေ။ သူတို့ ဖန်တီးနေတာလေ။ ကြာလာရင် သူတို့ကိုထောက်ခံကြောင်း ပြည်သူတွေကို လက်မှတ်ထိုးခိုင်းမယ် " ဟု အမည် နှင့် နေရာ မဖော်လိုသည့် ပြည်သူက ပြောသည်။

ထိုအသစ်ဖွဲ့မည့် ကန်တောင်ကြီးမြို့နယ်သည် တောင်ကြီးမြို့နယ်အတွင်းရှိ ပုံးအင်းကျေးရွာ အုပ်စုများ၊ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ် ပါဝင်သွားမည် ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNO တပ်များသည် မေလမှ စပြီး တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ် နှင့် ပင်လောင်းမြို့နယ်ထဲတွင် တစ်အိမ်ကို ငွေ (၃) သောင်းနှင့် ဆန် တစ်ပြည် ကောက်ခံနေကြောင်း သိရသည်။

ပုံးအင်းဒေသသည် စိုက်ပျိုးရေးကောင်းမွန်ပြီး ထိုဒေသမှ ထွက်သည့် ဆန်ကို သျှမ်းပြည်တစ်ဝှမ်းလုံး စားသုံးနေသည်။

https://burmese.shannews.org/archives/28840

------------------------------------------------------------------------------------------------

## ပင်းတယ လယ်ပြင်ရွာ စကစ မှ ရမ်းသမ်းပစ် အရပ်သား (၄) ဦး ထိခိုက်ဒဏ်ရာရ

By SHAN - June 29, 2022

သျှမ်းပြည်တောင်ပိုင်း ပင်းတယမြို့ လယ်ပြင်ရွာတွင် ယနေ့ (ဇွန် ၂၉ ရက်) မနက်ပိုင်း (၁၀) နာရီဝန်းကျင်တွင် စစ်ကောင်စီမှ ရမ်းသမ်းပစ်ခတ်မှုကြောင့် အရပ်သား အမျိုးသား (၄) ဦး ထိခိုက်ဒဏ်ရာရပြီး၊ ထိုထဲတွင် အမျိုးသား (၂) ဦး ပြင်းထန်ဒဏ်ရာရရှိကြောင်း စုံစမ်းသိရှိရသည်။

ပင်းတယမြို့ လယ်ပြင်ရွာတွင် စစ်ကောင်စီ မှ အကြောင်းမရှိ တစ်ဖက်သတ် ရမ်းသမ်းပစ်ခတ်မှုကြောင့် အရပ်သား (၄) ဦး ဒဏ်ရာရရှိကာ ထိုထဲမှ အသက်ကြီးသည့် အမျိုးသား (၁) ဦးသည် ဦးခေါင်းဒဏ်ရာရရှိပြီး၊ လူငယ်တစ်ဦးလည်း ပြင်းထန်ဒဏ်ရာရရှိကာ အရေးပေါ် ပို့ဆောင်နေရကြောင်း သိရှိရသည်။

စစ်ကောင်စီမှ တစ်ဖက်သတ် ရမ်းသမ်း ပစ်ခတ်မှုကြောင့် ၎င်းအနီးရှိ စာသင်ကျောင်းများလည်း ပိတ်လိုက်ရကြောင်း၊ ပြည်သူများလည်း စိုးရိမ်ထိတ်လန့်နေကြောင်း ဒေသခံများက သျှမ်းသံတော်ဆင့်ကို ပြောသည်။




ပင်းတယမြို့

"သူတို့ ဒီမြို့အဝင်က လယ်ပြင်ရွာမှာ ရမ်းသမ်းပစ်ခတ်တာ၊ သူတို့ ဘာကိုခြောက်လန့်ပြီး ပစ်လိုက်တာလည်းတော့ မသိဘူး၊ အဲ့နားရှိတဲ့ စာသင်တဲ့ ကလေးတွေလည်း လန့်ပြီး

ကျောင်းတွေပိတ်လိုက်ရတယ်“ ဟု လယ်ပြင်ကျေးရွာမှ ဒေသခံ အမျိုးသားက ပြောသည်။

စစ်ကောင်စီဘက်မှ ရမ်းသမ်းပစ်ခတ်ပြီးနောက် ဒေသခံ လက်နက်ကိုင်တပ်ဖွဲ့က ဝင်ရောက်လာပြီး ပြန်လည်ပစ်လိုက်သည့်အတွက် စစ်ကောင်စီတပ်သားဘက်မှ (၁) ဦး သေဆုံး၊(၁) ဦး ဒဏ်ရာ ပြင်းထန်ကာ အောင်ပန်းဆေးရုံသို့ ပို့ဆောင်လိုက်ရကြောင်း သိရသည်။

ထို့ပြင် ပင်းတယ – ရွာငံ ချိုးဖြူပြောက်ကျားတပ်ဖွဲ့ (JPGF) တပ်ဖွဲ့မှ ထိုတောင်ပေါ်ကြီးလမ်းပေါ်တွင် ဖြတ်သန်းသွားလာနေသော စစ်ကောင်စီ ယာဉ်တန်းများအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ခြုံခိုတိုက်ခိုက်ခြင်းများ အလျင်သင့်သလို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယနေ့ ဇွန် (၂၉) ရက်တွင် အရေးပေါ်ကြေညာထားကြောင်း သတင်းသိရသည်။

စစ်ကောင်စီတပ်သားတို့သည် ရွာငံမြို့နယ်အတွင်း PDF များ လှုပ်ရှားနေသည်ဟု ထင်မြင်ယူဆသည့် နေရာများကို အင်အားဖြန့်ကျက်ထားခြင်း၊ ကင်းပုန်းချထားခြင်း နှင့် ဒလန်သတင်းပေးမှုကြောင့် ရွာသားများကို သံသယမှု နှင့် ဖမ်းဆီးရိုက်နက် သတ်ဖြတ်မှုများ ပြုလုပ်နေကြောင်းသိရသည်။

https://burmese.shannews.org/archives/28881

----------------------------------------------------------------------------------------------------------

## RCSS/SSA စစ်အင်အားပြ လင်းခေးမြို့ လောင်းကစားဝိုင်း ပိတ်သိမ်းလိုက်ရ

By SHAN - June 29, 2022

သျှမ်းပြည်တောင်ပိုင်း လင်းခေးမြို့မှ လောင်းကစားဝိုင်းအတွင်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့မှ စစ်အင်အား လာရောက်ပြပြီးနောက် ပိတ်သိမ်းသွားရကြောင်း စုံစမ်းသိရသည်။

ပြီးခဲ့သည့် ဇွန်လ ၂၄ ရက်တွင် (RCSS/SSA) တပ်ဖွဲ့တို့မှ စစ်အင်အားလာရောက်ပြသပြီးနောက် လောင်းကစားဝိုင်းများ အားလုံး ပိတ်သိမ်းရန်လည်း ပြောဆိုခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

“RCSS/SSA တပ်ဖွဲ့က လောင်းကစားဝိုင်း လုပ်တဲ့နေရာကို အင်အားသွားပြတယ်၊ ပိတ်သိမ်းဖို့လည်း ပြောလိုက်တဲ့အခါတော့ လောင်းကစားဝိုင်း ပိတ်သွားပါတယ်၊ အခုဆို ခုံတွေ ပစ္စည်းတွေသိမ်းပြီးပြီ ” ဟု အသက် ၄၀ ကျော် အရွယ်ရှိ လင်းခေးဒေသခံ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့် ကိုပြောသည်။

တစ်လကျော်ကြာ ဖွင့်လှစ်လာသည့် လောင်းကစားဝိုင်းကြောင့် ပြည်သူများ အိမ်တွင်းရေး ပြဿနာ များပြားလာခြင်းနှင့် ဝမ်းစာရှာဖွေရေး ထိခိုက်လာကြောင်း ဒေသခံပြည်သူများ ညည်းတွားပြောဆိုပြီး နောက်ပိုင်း RCSS/SSA တပ်ဖွဲ့မှ စစ်အင်အားပြကာ ပိတ်သိမ်းခြင်းဖြစ်ကြောင်း သိရသည်။



သျှမ်းပြည်တွင်းရှိ လောင်းကစားဝိုင်း တစ်နေရာ

အဆိုပါ လောင်းကစားဝိုင်းသည် လင်းခေးမြို့နယ် တန်စန့်ကျေးရွာအုပ်စုတွင် စစ်ကောင်စီလက်အောက်ခံ ထွေ/ အုပ်နှင့် ဌာနဆိုင်ရာများမှတစ်ဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ညွှန်ကြားချက်ထုတ်ကာ ပိုက်ဆံရှိသူများနှင့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့များ ပူးပေါင်းဖွင့်လှစ်ထားကြောင်း သိရသည်။

“အစတုန်းကတော့ ဘုရားထီးတော်တင်ပွဲကို အကြောင်းပြပြီး လာဖွင့်တာပေါ့၊ လောင်းကစားဝိုင်း စည်လာအောင် စစ်ကောင်စီဘက်က ဖျော်ဖြေရေးတွေတောင် ခေါ်ပေးတာ၊အခုတော့ RCSS/SSA တွေက လာပြောလို့ ၂၄ ရက်ကတည်းက ပိတ်သိမ်း သွားရပြီ၊ ဒါက ဒေသအတွက်တော်တော်ကောင်းတယ်” ဟု လည်း လင်းခေးမြို့ ဒေသခံ

အမျိုးသမီး တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

စစ်တပ်မှ နိုင်ငံတော်အာဏာသိမ်းပြီးနောက်ပိုင်း သျှမ်းပြည်နေရာအနှံ့တွင် လောင်းကစားဝိုင်းများ ပေါများလာသည့် အတွက် ယခုကဲ့သို့ ဒေသအလိုက် တိုင်းရင်းသား လက်နက်ကိုင်များမှ ကူညီပြီး တားမြစ်မှုများ ပြုလုပ်ပေးရန် တောင်းဆိုလိုကြောင်းလည်း လင်းခေးလူငယ်တစ်ဦး ကဆက်ပြောသည်။

"ဒေသအလိုက်လုပ် နေတဲ့ လောင်းကစားဝိုင်းတွေကို အခုလိုမျိုး တိုင်းရင်းသားလက်နက်ကိုင်တွေ ကူတားမြစ် ပေးမယ်ဆိုရင် တော်တော်ကို ကောင်းပါတယ်၊ ဒီလောင်းကစားဝိုင်းတွေက ဒေသအတွက် ဘာမှကောင်းကျိုးမပေး တဲ့အပြင် လူငယ်တွေရဲ့ အကျင့်စာရိတ္တတွေကိုလည်းပျက်စေတယ်၊ တိုင်းရင်းသားလက်နက်ကိုင်တွေ ကိုယ့်နယ် မြေအလိုက် လောင်းကစားတွေကို တားမြစ်သင့်တယ် " ဟု အသက် ၂၀ ကျော် အမျိုးသမီး တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

စစ်ကောင်စီ အာဏာသိမ်းယူပြီးနောက်ပိုင်း ဒေသအတွင်းဖွံ့ဖြိုးတိုးတက်မှုများ လုပ်ဆောင်ခြင်းမရှိသည့် အပြင် လူငယ်များ နိုင်ငံရေး စိတ်ဝင်စားမှု မရှိစေရန် လောင်းကစားဝိုင်းများ၊ မူးယစ်ဆေးဝါးများ ပေါများသည်ထက် ပေါများလာအောင် လုပ်ဆောင်နေကြောင်းလည်း ဒေသခံများက ပြောသည်။

https://burmese.shannews.org/archives/28863

--------------------------------------------------------------------------------------------------------------------

## စစ်ကောင်စီ ဖိတ်ခေါ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့မဆက်နိုင်သေး

Published By DVB | 29 June, 2022



အာဏာသိမ်းစစ်ခေါင်းဆောင် ဖိတ်ခေါ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ အဖွဲ့ ၈ ဖွဲ့နဲ့ တွေ့ဆုံပြီးနောက် ရှေ့မဆက်နိုင်သေးဘဲရှိနေပြီး စာရင်းပေးထားတဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/ SSA)နဲ့ လားဟူဒီမိုကရက်တစ် အစည်းအရုံး LDU အဖွဲ့ နှစ်ဖွဲ့ဟာလည်း ဆက်လက်ဆွေးနွေးဖို့ ဖြစ်နိုင်ခြေ နည်းသွားပြီလို့ အဲဒီအဖွဲ့တွေနဲ့ နီးစပ်သူတွေဆီကနေ သိရပါတယ်။

တိုင်းရင်းသား တော်လှန်ရေးလက်နက်ကိုင် ၁၀ ဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးမယ်လို့ စစ်ကောင်စီက ထုတ်ပြန်ပေမယ့် လက်ရှိမှာတော့ ၈ ဖွဲ့နဲ့သာ ဆွေးနွေးနိုင်သေးသလို ကျန် ၂ ဖွဲ့နဲ့ ဆွေးနွေးဖို့ကလည်း မရေမရာ အခြေနေဖြစ်နေတာပါ။

စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာ ရွေးကောက်ပွဲအောင်မြင်အောင်ကျင်းပပြီး သူသမ္မတဖြစ်ရေးအတွက် ရည်မှန်းဖော်ဆောင်နေတာကို တိုင်းရင်းသား တော်လှန်ရေးအဖွဲ့တချို့နဲ့ နိုင်ငံရေးပါတီတွေက ဝိုင်းဝန်းပံ့ပိုးပေးတာဖြစ်လို့ အခုဆွေးနွေးတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ အကျိုးစီးပွားသက်သက်ဆွေးနွေးပွဲဖြစ်တယ်လို့ နိုင်ငံရေးလေ့လာသူ ဦးသန်းစိုးနိုင်က သုံးသပ်ပါတယ်။

ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)နဲ့ လားဟူဒီမိုကရက်တစ် အစည်းအရုံး LDU တို့စစ်ကောင်စီနဲ့ ဆွေးနွေးသည်ဖြစ်စေ မဆွေးနွေးသည်ဖြစ်စေ မြန်မာနိုင်ငံငြိမ်းချမ်းရေးအပေါ် ပြောင်းလဲမှု ရှိမှာမဟုတ်ဘူးလို့လည်း ဦးသန်းစိုးနိုင်က ပြောပါတယ်။

အာဏာသိမ်းစစ်ကောင်စီနဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)တို့ ငြိမ်းချမ်းရေးဆွေးနွေးမှုမလုပ်ခင်မှာ စစ်တပ်ဘက်က (SSPP/SSA) ရဲ့ တပ်စခန်းတချို့ကို ဆုတ်ခွာပေးဖို့ ပြောဆိုမှုအပေါ် နှစ်ဖက်တင်းမာမှုရှိခဲ့ပြီး စစ်တပ်နဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုက မသေချာတော့တဲ့အခြေနေဖြစ်ပေါ်ခဲ့တာလို့ ဆိုပါတယ်။

(SSPP/SSA) ကတော့ စစ်ကောင်စီက ဆုတ်ခိုင်းတဲ့ တပ်စခန်းနေရာတွေကို ဆုတ်ပေးမှာမဟုတ်ဘူးလို့ ပြောဆိုသလို စစ်တပ်ဘက်က ထိုးစစ်ဆင်လာမယ်ဆိုရင် ပြန်တိုက်ဖို့ စစ်ရေးပြင်ဆင်မှု အသင့်အနေထားရှိတယ်လို့ ထုတ်ပြန်ထားပြီး ငြိမ်းချမ်းရေးဆွေးနွေးဖို့အခြေနေက ဖြစ်နိုင်ခြေနည်းသွားပြီလို့ အမည်မဖော်လိုတဲ့ (SSPP/SSA) အရာရှိကဒီဗွီဘီကိုပြောပါတယ်။

လားဟူဒီမိုကရက်တစ် အစည်းအရုံး LDU အနေနဲ့လည်း စစ်ကောင်စီဖိတ်ခေါ်တဲ့ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်မယ့်ကိစ္စနဲ့ပတ်သတ်ပြီး အဖွဲ့အစည်းအတွင်း သဘောထားကွဲလွဲမှုတွေဖြစ်ပေါ်ခဲ့ပြီး လက်ရှိအချိန်မှာတော့ အဲဒီဆွေးနွေးပွဲကို တက်မှာမဟုတ်ဘူးလို့ သတင်းတွေထွက်လာပါတယ်။

ဒါနဲ့ပတ်သက်ပြီး လားဟူဒီမိုကရက်တစ် အစည်းအရုံး LDU အတွင်းရေးမှူးဗိုလ်မှူးကြီးဆော်လမွန်ကို ဒီဗွီဘီသတင်းဌာနက ဆက်သွယ်မေးမြန်းတဲ့အခါမှာ သူအနေနဲ့ ဘာမှမသိဘူးလို့ ဖြေဆိုခဲ့ပါတယ်။

စစ်ကောင်စီ ဖိတ်ခေါ်တဲ့ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်တဲ့တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းတွေဟာ ပြည်သူတွေရဲ့ ဝေဖန်ပြစ်တင်တာခံနေရပြီး ဆွေးနွေးတဲ့အဖွဲ့တွေထဲမှာ SSPP/SSA တဖွဲ့သာ စစ်တပ်နဲ့စစ်ရေးတင်းမာတဲ့အဖွဲ့ဖြစ်ပြီး ကျန်အဖွဲ့တွေက စစ်တပ်နဲ့ စစ်မဖြစ်တာနှစ်ပေါင်း ၃၀ ကျော်နေပြီလို့ ဦးသန်းစိုးနိုင်ကပြောပါတယ်။

အာဏာသိမ်းစစ်ကောင်စီကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မတက်ရောက်သေးသူတွေ တက်ရောက်ဖို့ ထပ်ကမ်းလှမ်းထားပြီး ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားအကြောင်းပြန်ပေးဖို့ ထုတ်ပြန်ထားပါတယ်။

စစ်ကောင်စီ ဖိတ်ခေါ်တဲ့ဆွေးနွေးပွဲကိုလက်ခံပြီး နေပြည်တော်သွားခဲ့တဲ့ အဖွဲ့ ၈ ဖွဲ့ကတော့ 'ဝ' ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ် တပ်မတော်(NDAA-မိုင်းလားအဖွဲ့)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်- ငြိမ်းချမ်းရေးကောင်စီ ( KNU/KNLA-PC)နဲ့ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/540955

---------------------------------------------------------------------------------------------------------------------

## အာဆီယံအထူးကိုယ်စားလှယ်နှင့် တိုင်းရင်းသားလက်နက်ကိုင် ၆ ဖွဲ့ တွေ့မည်

By ဧရာဝတီ | 29 June 2022

အာဆီယံ အလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရတ်ဆွတ်ခွန်းသည် ဇူလိုင် ၁ ရက်တွင် နေပြည်တော်၌ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ( NCA) လက်မှတ်ထိုးထားသည့် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့ (EAOs) ၆ ဖွဲ့နှင့် တွေ့မည်ဟု ငြိမ်းချမ်းရေးလုပ်ငန်းစဥ် ဦးဆောင်အဖွဲ့ (PPST) ထံမှ သိရသည်။

ယင်းလက်နက်ကိုင် ၆ဖွဲ့မှာ မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်(DKBA)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)၊ ပအို့ဝ်အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) နှင့် လားဟူဒီမိုကရက်တစ်အစည်း အရုံး (LDU) တို့ ဖြစ်ကြောင်း PPST ပြောခွင့်ရ ဗိုလ်မှူးကြီး စောကျော်ညွန့်က ဧရာဝတီသို့ အတည်ပြုပြောသည်။

အထူးကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးမည့်ကိစ္စဆိုင်ရာ အစည်းအဝေးတရပ်ကို PPST အဖွဲ့ဝင် EAOs များကြား ဇွန် ၂၈ ရက်က အွန်လိုင်းမှတဆင့် ပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် EAOs ၆ ဖွဲ့က အစည်းအဝေးသို့ တဖွဲ့လျှင် ကိုယ် စားလှယ် ၂ ဦး စေလွှတ်နိုင်ရေး အတည်ပြုခဲ့ကြောင်း ၎င်းက ဆိုသည်။

PPST သည် အစိုးရနှင့် နိုင်ငံရေးညှိနှိုင်းမှုများ ပြုလုပ်ရန် NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များဖြင့် ၂၀၁၆ခု တွင် နိုင်ငံရေး မဟာမိတ်အဖွဲ့အဖြစ် ဖွဲ့စည်းခဲ့ပြီး စစ်တပ်အာဏာ သိမ်းပြီးနောက် ကရင်အမျိုး သား အစည်းအရုံး (KNU) အပါအဝင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့သည် PPST ၌ ၎င်းတို့ ပါဝင်ဆောင်ရွက်မှုကို အဆင့်လျှော့ချခဲ့ကြသည်။

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် ပတ်သက်၍မူ ဗိုလ်မှူးကြီး စောကျော်ညွန့်က "RCSS နဲ့ကတော့ ဘယ်လိုလဲ မသိဘူး။ သူတို့က ဒီနေ့ အစည်းအဝေးမှာလည်း မတက်ရောက်နိုင်ဘူးလေ။ အဲဒါကြောင့် တကယ်လို့ RCSS က သီးခြားပဲ တွေ့မှာလားပေါ့။ အဲဒီလို ဆိုရင်တော့ ကျနော်တို့က ၆ ဖွဲ့ ဖြစ်မှာပေါ့။ ဒါပေမဲ့ သူတို့ ဘယ်လို လုပ်မလဲတော့ ကျနော်တို့ အတိအကျ မပြောနိုင်သေးဘူး" ဟု မှတ်ချက်ပေးသည်။

အထူးကိုယ်စားလှယ်နှင့် တွေ့မည့်ပွဲသို့ တက်ရောက်ရန် အစီအစဉ်ရှိမရှိနှင့် ပတ်သက်၍ RCSS ၏ သဘောထားကို သိရှိနိုင်ရန် RCSS အတွင်းရေးမှူး (၂) ဗိုလ်မှူးခမ်းစံထံ ဧရာဝတီက ဖုန်းဆက်ခဲ့သော်လည်း အဆက်အသွယ် မရပေ။

အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် EAOs များ တွေ့ဆုံမည့် အစီအစဉ်သည် ဧပြီလက စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သီးခြားစီ ငြိမ်းချမ်းရေး ဆွေးနွေးခဲ့သော EAOs အဖွဲ့များကိုသာ တက်ရန် စီစဉ်ထား သည့် အခင်းအကျင်း ဖြစ်ကြောင်း၊ စစ်ကောင်စီဥက္ကဋ္ဌ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ထားသူများကိုသာ စစ်ကောင်စီ ဘက် က သီးခြားစီ ဖိတ်စာများ ပေးပို့ထားခြင်း ဖြစ်ကြောင်း EAOs အဖွဲ့အချို့က ပြောသည်။

သို့သော် စစ်ကောင်စီဥက္ကဋ္ဌ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်ထားသည့် မြန်မာနိုင်ငံမြောက်ပိုင်းအခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်သော ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)နှင့် မိုင်းလားအဖွဲ့ (NDAA) တို့အား အထူးကိုယ်စားလှယ်နှင့် တွေ့ဆုံမည့် အခြေအနေအား ဧရာဝတီက ဆက်သွယ် မေးမြန်းရာ ယင်း အဖွဲ့များက အတည်ပြု ဖြေကြားခြင်း မရှိပေ။

EAOs အဖွဲ့တဖွဲ့မှ တာဝန်ရှိသူတဦးကမူ "မြောက်ပိုင်းအဖွဲ့မှာ မိုင်းလားတို့၊ ဝ တို့၊ SSPP တို့ ပါတာပေါ့။ သူတို့လည်း ပါကောင်းပါနိုင်တယ် ထင်တယ်။ အခုက နစက (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) ဥက္ကဋ္ဌနဲ့ တွေ့တဲ့သူတွေကိုပဲ ဖိတ်တဲ့ အခင်းအကျင်းကြောင့်လေ" ဟု ဧရာဝတီသို့ ပြောသည်။

PPST ပြောခွင့်ရ ဗိုလ်မှူးကြီးစောကျော်ညွန့်ကမူ စစ်ကောင်စီဘက်က ယင်းအစည်းအဝေး တက်ရောက်နိုင်ရန် တဖွဲ့ ချင်းစီကို ဖိတ်ကြားထားခြင်း ဖြစ်သော်လည်း EAOs ၆ ဖွဲ့ အနေဖြင့် အဖွဲ့အစည်း အချင်းချင်းကြား ဘုံသဘောတူထား သည့် အချက်များကိုသာ တင်ပြဆွေးနွေးမည် ဖြစ်ကြောင်း ဆိုသည်။

"နစကက တဖွဲ့ချင်း ဖိတ်ပေမယ့် ဟိုရောက်ရင်တော့ စုပေါင်းပြီး တက်မယ်၊ စုပေါင်းပြီး တွေ့မယ် အစီအစဉ် ရှိတာ ကြောင့် ကျနော်တို့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဒီနေ့ တွေ့ပြီးတော့ ညှိနှိုင်းဆွေးနွေးထားတာ ရှိပါတယ်။ အသေးစိတ် အနေနဲ့ကတော့ ကျနော်တို့ ထပ်မံဆွေးနွေးဖို့ ရှိပါတယ်" ဟု ၎င်းက ပြောသည်။

အထူးကိုယ်စားလှယ်နှင့် တွေ့ဆုံရာတွင် ယေဘူယျအားဖြင့် PPST ဖြစ်ပေါ်လာပုံ အပါအဝင် PPST ၏ နိုင်ငံရေး ရပ်တည်ချက် ဖြစ်သည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးဖြေရှင်းရေး၊ သက်ဆိုင်သူအားလုံး ပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်မြောက်ရေးနှင့် အရပ်သားများအား အကာအကွယ်ပေးရေးတို့ကို ဆွေးနွေး တင်ပြမည် ဖြစ်ကြောင်း ဗိုလ်မှူးကြီး စောကျော်ညွန့်က ဆိုသည်။

ထို့ပြင် အာဆီယံက မြန်မာနိုင်ငံရှိ အရပ်သားများအတွက် လူသားချင်းစာနာမှု အကူအညီများပေးရာတွင် EAOs များ ဘက်က ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများလည်း ဆွေးနွေးသွားရန် ရှိကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သည့် မတ်လအတွင်း အာဆီယံ အလှည့်ကျဥက္ကဋ္ဌ အထူးကိုယ်စားလှယ်၏ မြန်မာပြည် ပထမဆုံးခရီးစဥ်တွင် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် တွေ့ဆုံဆွေးနွေးရန် စီစဥ်ခဲ့သေးသော်လည်း အချိန် မလုံလောက်ဟုဆိုကာ ပျက်သွားခဲ့သည်။

ယခု ဒုတိယအကြိမ် ခရီးစဉ်အဖြစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံခြားရေး ဝန်ကြီး ပရတ်ဆွတ်ခွန်းသည် ဇွန် ၂၉ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ပြီး ဇူလိုင် ၃ ရက်ထိ ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

အထူးကိုယ်စားလှယ်၏ ပထမအကြိမ် ခရီးစဉ်အတွင်း အာဏာသိမ်း စစ်ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင် လှိုင်နှင့် တွေ့ဆုံကာ မြန်မာစစ်တပ်အား စစ်ဆင်ရေးများတွင် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ရန် တိုက်တွန်းပြောဆိုမှု များ ရှိခဲ့သည်။

https://burma.irrawaddy.com/news/2022/06/29/252826.html

---------------------------------------------------------------------------------------------------------------

## မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်နှင့်NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်ခုနစ်ဖွဲ့ ဇူလိုင် ၁ ရက်တွင် နေပြည်တော်၌ တွေ့ဆုံမည်

PUBLISHED 29 JUNE 2022



မြန်မာနိုင်ငံသို့ ဇွန် ၂၉ ရက်က ရောက်ရှိ နေသည့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ပရက်ခ်ဆိုခွန်းနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေး ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ခုနစ်ဖွဲ့တို့ ဇူလိုင် ၁ ရက်တွင် နေပြည်တော်၌ တွေ့ဆုံမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးလုပ်ငန်း စဥ်ဦးဆောင်အဖွဲ့(PPST) ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးစောကျော်ညွန့်က ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ် စားလှယ်နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွေ့ ဆုံရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်း ချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက ပေးပို့သည့် ဖိတ်ကြားစာကို ဇွန် ၂၇ ရက်တွင် ရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

“ကျွန်တော်တို့ဆီကို အာဆီယံကိုယ်စား လှယ်နဲ့ တွေ့ဖို့ ဖိတ်စာကို ဇွန် ၂၇ ရက်က လက်ခံ ရရှိပါတယ်။ ဒါကြောင့် တွေ့ဖို့ဆိုတာတော့ သေချာတယ်။ ဒါပေမဲ့ စာအရကတော့ သူက တစ်ဖွဲ့ချင်းစီဖိတ်တယ်။ တစ်ဖွဲ့ချင်းစီဖိတ်ပေမဲ့ စာအသွားအလာအရ ကြည့်လိုက်ရင် တစ်ဖွဲ့ ချင်းစီတွေ့မှာမဟုတ်ဘဲနဲ့ စုပေါင်းပြီးတော့ တွေ့ မယ့်အခင်းအကျင်းဖြစ်တဲ့အတွက်ကြောင့် မိုလို့ လောလောဆယ် သေချာတာကတော့ စာရောက် တဲ့ အဖွဲ့အစည်းတွေကတော့ ခြောက်ဖွဲ့ ခုနစ် ဖွဲ့ရှိတယ်။ တစ်ဖွဲ့ချင်းဖိတ်တယ်ဆိုပေမဲ့လည်း ကျွန်တော်တို့ကတော့ စုပေါင်းပြီးတော့ ဆောင် ရွက်ဖို့ ရှိပါတယ်” ဟု ဗိုလ်မှူးကြီးစောကျော် ညွန့်က ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူး ကိုယ်စားလှယ်နှင့် တွေ့ဆုံရာတွင် ဏာဏ္ဍ အဖွဲ့ အနေဖြင့် NCA အနှစ်သာရဖြစ်သည့် နိုင်ငံရေး ပြဿနာကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး၍ ငြိမ်းချမ်းစွာဖြေရှင်းရေး၊ ပါဝင်သင့်သူ အားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်မြောက်ရေး နှင့် အရပ်သားများကို အကာအကွယ်ပေးရေး စသည့် အချက်သုံးချက်အပေါ်မူတည်၍ ဆွေးနွေးတင်ပြသွားဖို့ရှိကြောင်း ၎င်းက ဆိုသည်။

“အကြမ်းဖျင်း ပြောရမယ်ဆိုရင်တော့ PPST အဖွဲ့အနေနဲ့ NCA အနှစ်သာရ သုံးချက် ဖြစ်တဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ တွေ့ ဆုံဆွေးနွေး၍ ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ ပါဝင် သင့်သူ အားလုံး ပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်မြောက်ရေး၊ ပြီးတော့ အရပ်သားများကို အ ကာအကွယ်ပေးရေးဆိုတဲ့ နိုင်ငံရေး ရပ်တည် ချက်ကလည်း နဂိုကရှိထားပြီးသားပါ။ အခု အာဆီယံကိုယ်စားလှယ်နဲ့ တွေ့ဆုံတဲ့ပွဲမှာလည်း အဲဒီနိုင်ငံရေးအနှစ်သာရဖြစ်တဲ့ ဒီသုံးချက်အ ပေါ်မှာပဲ ကျွန်တော်တို့က ဆွေးနွေးပြီးတော့ တင်ပြပြောဆိုသွားဖို့ ရှိပါတယ်” ဟု ဗိုလ်မှူးကြီး စောကျော်ညွှန့်က ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ် စားလှယ်နှင့် တွေ့ဆုံမည့် NCA လက်မှတ်ရေး ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် ခုနစ်ဖွဲ့မှာ မကြာသေးမီက နစကဥက္ကဋ္ဌနှင့် ငြိမ်းချမ်း ရေး ဆွေးနွေးထားသည့် အဖွဲ့များ ဖြစ်သည်။

“လောလောဆယ်မှာတော့ နစကဥက္ကဋ္ဌ နဲ့ တွေ့ဆုံခဲ့တဲ့အဖွဲ့တွေက အထူးကိုယ်စားလှယ်နဲ့ တွေ့ဖို့ သေချာတယ်”ဟု ဗိုလ်မှူးကြီး စောကျော် ညွှန့်က ပြောကြားသည်။

https://news-eleven.com/article/233218

------------------------------------------------------------------------------------------------------------

## တရုတ်နိုင်ငံခြားရေးဝန်ကြီး မြန်မာသို့ လာရောက်မည်

Published By DVB | 29 June, 2022



တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိဟာ အခုသီတင်းပတ်အကုန်မှာ မြန်မာနိုင်ငံကို လာရောက်ဖို့ရှိနေပြီး ဒါဟာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်နိုင်ငံက အဆင့်အမြင့်ဆုံး ပုဂ္ဂိုလ်တယောက် လာရောက်မှုဖြစ်မယ်လို့ အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေး တက်ရောက်ဖို့ ဝမ်ယိဟာ မြန်မာနိုင်ငံကို လာရောက်မှာဖြစ်တယ်လို့ အာဏာသိမ်းစစ်ကောင်စီရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်ချုပ် ဇော်မင်းထွန်းရဲ့ ပြောဆိုချက်ကို ကိုးကားပြီး ခုလိုရေးသားထားတာပါ။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလက အာဏာသိမ်းယူခဲ့တဲ့ စစ်တပ်ကို ဝေဖန်ပြစ်တင်တာမျိုးမရှိတဲ့ တရုတ်နိုင်ငံဟာ မြန်မာစစ်တပ်ကို စစ်လက်နက်ပစ္စည်းတွေ အဓိက ထောက်ပံ့ပေးနေတဲ့ မဟာမိတ်နိုင်ငံလည်း ဖြစ်ပါတယ်။

လက်ရှိမှာတော့ တရုတ်နိုင်ငံခြားရေးဝန်ကြီးရဲ့ ဒီခရီးစဉ်အတွင်း အာဏာသိမ်း စစ်ခေါင်းဆောင် မင်းအောင်လှိုင်နဲ့ တွေ့ဆုံမယ်အစီအစဉ် ရှိမရှိကိုတော့ မပြောနိုင်သေးဘူးလို့ ဗိုလ်ချုပ် ဇော်မင်းထွန်းက အေအက်ဖ်ပီကို ပြောထားပါတယ်။

တရုတ်နိုင်ငံက ကျောထောက်နောက်ခံပြုထားတဲ့ ဒီအစည်းအဝေးပွဲကိုတော့ လာမယ့် ဇူလိုင် ၂ ရက်ကနေ ၅ ရက်အထိ ကျင်းပမှာဖြစ်ကာ လန်ချန်းလို့ တရုတ်နိုင်ငံက ခေါ်တဲ့ မဲခေါင်မြစ်ကို မျှဝေထားတဲ့ နိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတွေက နိုင်ငံခြားရေးဝန်ကြီးတွေ တက်ရောက်ကြမယ်လို့ ဆိုပါတယ်။

မတရားအာဏာသိမ်းယူမှုနဲ့ အကြမ်းဖက်ဖြိုခွင်းမှုတွေ ကျူးလွန်နေတဲ့ မြန်မာစစ်အုပ်စုကို အနောက်နိုင်ငံ အစိုးရအုပ်စုတွေက ပြစ်ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုတွေ လုပ်ဆောင်နေချိန်မှာ အာဏာသိမ်းစစ်အုပ်စုကတော့ တရုတ်နဲ့ ရုရှားအပါအဝင် မဟာမိတ်တွေအပေါ် ပိုပြီးတော့ အားကိုးလာနေတာဖြစ်ပြီး တရုတ်အစိုးရကတော့

အခြေအနေတွေ ဘယ်လိုပြောင်းလဲသွားပါစေ၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာ ပိုင်ဆိုင်မှုနဲ့ လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်ရှိမှုကို အစဉ်အမြဲ ထောက်ခံသွားမယ်လို့ ပြီးခဲ့တဲ့ ဧပြီလတုန်းက ပြောထားခဲ့ပါတယ်။

အာဏာသိမ်းစစ်ကောင်စီဟာ နိုင်ငံတကာ စင်မြင့်ထက်မှာတော့ အထီးကျန်ဖြစ်နေပြီး ကမ္ဘောဒီးယားခေါင်းဆောင် ဟွန်ဆန်ဟာ စစ်အာဏာသိမ်းပြီးနောက် လာရောက်လည်ပတ်တဲ့ တစ်ဦးတည်းသော နိုင်ငံတကာက ခေါင်းဆောင် ဖြစ်လာခဲ့တာပါ။

ဒါ့အပြင် စစ်ကောင်စီခေါင်းဆောင်ကို အာဆီယံထိပ်သီးအစည်းအဝေးပွဲတွေနဲ့ တခြား ဆွေးနွေးဘက်နိုင်ငံတွေရဲ့ ထိပ်သိမ်းအစည်းအဝေးပွဲတွေမှာ ပါဝင်တက်ခွင့်မပြုသလို စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးဟာလည်း ပြီးခဲ့တဲ့ ဖေဖော်ဝါရီက ကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံခြား ရေးဝန်ကြီးအစည်းအဝေးပွဲတွေမှာ တက်ခွင့်မပြုခဲ့ပါဘူး။

https://burmese.dvb.no/archives/540822

---

## မြန်မာ – ထိုင်း နှစ်နိုင်ငံ က သက်ဆိုင်ရာ အဖွဲ့ခေါင်းဆောင်တွေ တောင်ကြီးမြို့မှာ တွေ့ဆုံဆွေးနွေး

By SHAN - June 29, 2022

မြန်မာ – ထိုင်း နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးအကြား (၃၄) ကြိမ်မြောက် ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး (RBC) ကို သျှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့မှာ ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အဲ့ဒီအစည်းအဝေးမှာ ထိုင်းနိုင်ငံဘက်က အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး အဖီချိတ်ဆုဆတ် အဖွဲ့နဲ့ မြန်မာဘက်က အဖွဲ့ခေါင်းဆောင် စစ်ကောင်စီ၏ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်စိုး တို့အဖွဲ့ တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။



မြန်မာ – ထိုင်း နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေး ဆွေးနွေးပွဲ

အဲ့ဒီ ဆွေးနွေးပွဲမှာ ဇွန် (၂၇ – ၂၉ ) ၃ ရက်သာ ဆွေးနွေးပွဲ ကျင်းပသွားမယ်လို့ သိရပါတယ်။

အဲ့ဒီဆွေးနွေးပွဲမှာ နယ်စပ်ဒေသလုံခြုံရေး နဲ့ နယ်စပ်ကုန်သွယ်ရေး မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်တွေ ဆွေးနွေးခြင်း၊ ထိုင်းဘက် တရားမဝင် ဝင်ရောက်လာတဲ့သူတွေကို ဖမ်းဆီးအရေးယူတာတွေ ဆွေးနွေးခြင်း၊ တရားမဝင် လက်နက်ခဲယမ်းတွေ သယ်ယူမှု ကိစ္စရပ်တွေ၊ မူးယစ်ဆေးဝါး ကိစ္စရပ်တွေ စတာတွေ ဆွေးနွေးခဲ့တယ်လို့ စစ်ကောင်စီရဲ့ လက်အောက်ခံ သတင်းစဉ်မှ သိရပါတယ်။



မြန်မာ – ထိုင်း နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေး ဆွေးနွေးပွဲ

အဲ့ဒီဆွေးနွေးပွဲမှာ မြန်မာ – ထိုင်းနယ်စပ် တာချီလိတ် မယ်ဆိုင် ချစ်ကြည်ရေးတံတား အမှတ် (၁) တံတား ဖွင့်လှစ်ရေး နဲ့ ပတ်သက်ပြီး ဆွေးနွေးခြင်း ရှိမရှိကိုတော့ မသိရှိရပေ။

တာချီလိတ် – မယ်ဆိုင် တံတားဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံဘက်က ထိုင်းအာဏာပိုင်တွေကို ဘတ်သန်း (၅၀) တောင်းခဲ့တယ်လို့ သိရပါတယ်။

https://burmese.shannews.org/archives/28849

## ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်အတွင်း စက်လှေတစ်စီးပေါ်၌ ကျပ်သိန်း ၂၅၀၀၀၀ ကျော်တန်ဖိုးရှိICE မူးယစ်ဆေးများ ဖမ်းဆီးရမိ

PUBLISHED 29 JUNE 2022



*ပုံစာ-ဖမ်းဆီးရမိသည့် စက်လှေနှင့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-MOI)*

ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်အတွင်း စက်လှေတစ်စီးပေါ်၌ ကျပ်သိန်း ၂၅၀၀၀၀ ကျော်တန်ဖိုးရှိ ICE မူးယစ်ဆေးများ ဖမ်းဆီးရမိကြောင်း ဇွန် ၂၈ ရက်ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ထုတ်ပြန်ချက်အရ ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် ည ၉ နာရီ ၅၀ မိနစ်ခန့်တွင် မသင်္ကာဖွယ် စက်လှေ တစ်စီးအား တွေ့ရှိသဖြင့် စစ်ဆေးရန်အတွက် မီးအချက်ပြခေါ်ယူခဲ့သော်လည်း စက်လှေမှာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မြေပုံမြို့နယ်၊ ကျွန်းသာယာအနောက်တောင်ဘက် ၉ မိုင်ခန့်အကွာသို့အရောက်၌ လှေသားများမရှိတော့သော အဆိုပါစက်လှေအား တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါစက်လှေအား သွားရောက်စစ်ဆေးခဲ့ရာ အလျား ၆၇ ပေ၊ အနံ ၁၉ ပေ၊ ရေစူး ၁၀ ပေခန့်ရှိ ငါးဖမ်းစက်လှေဖြစ်ကြောင်း သိရှိရပြီး စက်လှေပေါ်မှ ငါးဖမ်းပိုက်များဖြင့် ဖုံးအုပ်ထားသည့် ICE မူးယစ်ဆေး ဆာလာအိတ် တစ်အိတ်လျှင် ၂၀ ကီလိုဂရမ်ပါ အိတ် ၅၀ (စုစုပေါင်းခန့်မှန်းငွေကျပ်သိန်း ၂၅၀၀၀၀ ကျော်)ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသိမ်းဆည်းရမိသည့် စက်လှေနှင့် မူးယစ်ဆေးဝါးများအား ကျောက်ဖြူမြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

https://news-eleven.com/article/233196